မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
August 11 , 2025 Volume 93, Number 7

| ၁၁. ၈.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၅၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၄.၉၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၇.၃၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၈၆ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက် ( ၄. ၈.၂၀၂၅ မှ ၈.၈. ၂၀၂၅)




### မတ်ပဲ

မတ်ပဲကတော့ အခုတစ်ပတ်မှာလည်းဈေးတန်းအေးပြီး တစ်တန်ကို သိန်း ၃၀ အထက်မှာပဲဆက်ရှိနေပါတယ်။ အရင်အပတ်ကထက် တစ်တန်ကို ၆၀၀၀ လောက်သာ အကျပြပါတယ်။

မတ်ပဲက အိန္ဒိယရဲ့ ဝယ်လိုအားအပေါ်လိုက်ပြီး ဈေးအတက်အကျရှိတာဖြစ်ပါတယ်။ ဒီနှစ်မှာ အိန္ဒိယကမြန်မာ့မတ်ပဲကို ဝယ်လိုအားနည်းတာကြောင့် ဈေးကွက်အေးနေတာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တနင်္လာမှသောကြာနေ့အတွင်း ၃,၀၀၇,၀၀၀ မှ ၃,၀၂၄,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိပါတယ်။

အရင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို တနင်္လာမှသောကြာနေ့အတွင်း ၃,၀၀၉,၀၀၀ မှ ၃,၀၃၀,၀၀၀ ကျပ်ရှိခဲ့တာကြောင့် ယခုတစ်ပတ်မှာ တစ်တန်ကို ၂၀၀၀ မှ ၆၀၀၀ လောက် အကျပြပါတယ်။

### ပဲစင်းငုံ

ပဲစင်းငုံက အခုတစ်ပတ်မှာဈေးတန်းကျဆင်းသွားပါတယ်။တစ်တန်ကို၄၀,၀၀၀ လောက်ကျပါတယ်။ ပဲစင်းငုံက ပြည်တွင်းမှာ ပစ္စည်းလက်ကျန် နည်းလာပေမဲ့လည်း ဈေးကွက်က တက်မလာတဲ့အပြင် အကျဘက်ကိုသာ ရောက်လာပါတယ်။ ပဲစင်းငုံက လည်း မတ်ပဲနည်းတူပါပဲ။ အိန္ဒိယဝယ်လိုအားကောင်းမှ ဈေးတန်း အတက်ပြပြီး အဝယ် အေးတဲ့အခါ အကျဈေးတန်းမှာပဲ ရှိနေတတ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့ သောကြာနေ့အတွင်း ပဲစင်းငုံနီတစ်တန်ကို ၂,၇၅၅,၀၀၀ မှ ၂,၇၈၅,၀၀၀ ကျပ်ရှိပါတယ်။ အရင်တစ်ပတ်တုန်းက တနင်္လာနေ့ သောကြာနေ့မှာဆိုရင် ပဲစင်းငုံနီတစ်တန်ကို ၂,၇၉၈,၀၀၀ မှ ၂,၈၂၀,၀၀၀ ကျပ်ရှိခဲ့ပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီက လက်ရှိပြည်တွင်းဈေးကွက်က တစ်ပိဿာကို ၅၀ မှ ၁၀၀ ကျပ်လောက်အတက်ပြလာပြီး ရန်ကုန်ဈေးကွက်မှာ အရောင်းအဝယ်သွက်လာနေတယ်လို့ ကုန်သည်နဲ့ပွဲရုံတွေဆီကသိရပါတယ်။

ကုန်သည်ဝယ်လက်တွေက အရည်အသွေးကောင်းတဲ့ ကြက်သွန်ကို ဝယ်ယူမှုများပြားသလို အရည်အသွေးညံ့တဲ့ ကြက်သွန်ကလည်း ဈေးအလိုက် အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။

တောင်သူတွေသာ ကြက်သွန်ကိုထိန်းပြီးရောင်းနိုင်ပါက ယခုဈေးတန်းအောက်ထပ်မကျနိုင်ဘဲ အတက်ဘက်သာ ဦးတည်နိုင်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ မုံရွာကြက်သွန်က ၈၅၀ မှ ၁၇၀၀ ကျပ်၊ ဆိပ်ဖြူက ၈၅၀ မှ ၁၇၀၀ ကျပ်၊ မြင်းခြံက ၆၀၀ မှ ၁၆၅၀ ကျပ်၊ ရွှေဘိုကြက်သွန်က ၁၁၀၀ မှ ၁၇၀၀ ကျပ်သာ ဈေးဖွင့်ထားပါတယ်။

**ပြောင်း**

ပြောင်းကတော့ ထိုင်းကိုအခွန်ကင်းလွတ်ခွင့်နဲ့တင်ပို့ခွင့်ကာလကုန်ဆုံးချိန်နီးကပ်လာမှုနဲ့အတူ ဈေးထပ်မကျတော့ဘဲ အရင်တစ်ပတ်ကဖြစ်ပေါ်ခဲ့တဲ့အကျဈေးတန်းမှာပဲ ငြိမ်နေတာတွေ့ရပါတယ်။ လက်ရှိမှာ မြန်မာ့ပြောင်းကို ထိုင်းက ဝယ်လိုအားရှိပေမဲ့လည်း ပြောင်းပေးဈေးနည်းတာကြောင့်မြန်မာ့ပြောင်းဈေးကျနေတာဖြစ်ပါတယ်။ ဈေးကျပေမဲ့ ပြည်တွင်းမှာဝယ်လိုအားရှိပြီး ပြောင်းသန့်ပါက အရောင်းအဝယ်သွက်နေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ယခုတစ်ပတ် ပြောင်းတစ်ပိဿာကို ၁၆၃၀ မှ ၁၆၅၀ ကျပ်သာရှိပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာပြောင်း(cp) နဲ့ပြောင်း( ရှမ်း) တစ်အိတ်ကို ၈၄,၀၀၀ မှ ၈၆,၀၀၀ ကျပ်သာရှိပါတယ်။ အရင်တစ်ပတ်ကထက်တစ်အိတ်ကို ၁၀၀၀ ကျပ်နှုန်း ကျဆင်းပါတယ်။

**Source :** https://htwettoe.com/

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးလျာထား ဧကပေါင်း ၁,၈၀၀,၀၀၀ လျာထားပြီး မိုးစပါးစိုက်တောင်သူများအနေဖြင့် ယခင်ကမိုးရေကို အဓိကအားထားစိုက်ပျိုးရာမှ ယခုအခါတွင် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်များမှ ရေကိုအဓိကအားထားစိုက်ပျိုးပြီး လိုအပ်ပါက စက်ရေတွင်းများမှ မြေအောက်ရေများကို ရေတင်စိုက်ပျိုးကြသည်။

ဩဂုတ်လ ပထမအပတ်တွင် မိုးစပါး ဧကပေါင်း ၆၀၀,၀၀၀ခန့် စိုက်ပျိုးပြီးစီးလျက်ရှိပြီး အများဆုံးစိုက်ပျိုးပြီးစီးသော ခရိုင်မှာ ကောလင်းခရိုင် ဧကပေါင်း ၁၂၀,၀၀၀ကျော်၊ကလေးခရိုင် ဧကပေါင်း ၉၀,၀၀၀ကျော်၊ ကသာခရိုင် ဧကပေါင်း ၇၀,၀၀၀ကျော်၊ ရေဦးခရိုင်ဧကပေါင်း ၆၀,၀၀၀ကျော်၊ယင်းမာပင်ခရိုင်ဧကပေါင်း ၅၀,၀၀၀ကျော်၊ကန့်ဘလူခရိုင် ဧကပေါင်း ၄၇,၀၀၀ကျပ်၊ တမူးခရိုင် ဧကပေါင်း ၃၀,၀၀၀ကျော်၊ မော်လိုက်ခရိုင် ဧကပေါင်း ၂၉,၀၀၀ကျော်၊ နာဂဒေသတွင် ဧကပေါင်း ၂၆,၀၀၀ကျော်၊ ရွှေဘိုခရိုင်ဧကပေါင်း ၂၅,၀၀၀ကျော်၊ဟုမ္မလင်းခရိုင်ဧကပေါင်း၁၂,၅၀၀ကျော်၊မုံရွာခရိုင် ဧကပေါင်း ၉၈၀၀ခန့်၊စစ်ကိုင်းခရိုင် ဧက ပေါင်း ၇၀၀၀ခန့်နှင့်ခန္တီးခရိုင်ဧကပေါင်း ၆၂၀၀ကျော် စိုက်ပျိုးပြီးစီးနေကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ရေဘေးကြောင့်စိုက်ပျိုးမြေပျက်စီးခဲ့ရသော ကရင်လယ်သမားများအား မျိုးစပါးတင်း ၅၀၀၀ ထောက်ပံ့ပေးမည်



ကရင်ပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ရေဖုံးလွှမ်းခံရမှုကြောင့် ပျက်စီးခဲ့ရသော လယ်သမားများအား မျိုးစပါးတင်း ပေါင်း ၅၀၀၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့် က ပြောသည်။

လက်ရှိတွင် ရေနစ်မြုပ်မှုကြောင့်ပျက်စီးခဲ့ရသည့် လယ်မြေဧရိယာပမာဏကို စာရင်းကောက်ယူနေပြီး ရေနစ်မြုပ်ခဲ့ရသည့် လယ်မြေကေသုံးသောင်းကျော်ခန့်ရှိပြီး ယင်းအနက် သုံးပုံတစ်ပုံကျော်ခန့်မှာ ပျက်စီးနိုင်ကြောင်းငင်းကဆိုသည်။

"ပျက်စီးမှုမှာ တစ်ဝက်တစ်ပျက် ပျက်စီးတာနဲ့ လုံးလုံးလျားလျား ထိခိုက်ပျက်စီးတာတွေကိုတော့ ခွဲပြီးစာရင်းကောက်နေတုန်း ပါပဲ။ဒါတွေကိုပြန်ကုစားဖို့အတွက် အရန်မျိုးစပါးတင်း ၅၀၀၀ ရည်ရွယ်ထားပါတယ်။ အခု ပြန်စိုက်လို့ မမီတော့ဘူးဆိုရင်လည်း ကျဲခင်းအနေနဲ့ ပြန်လည်ကျဲပက်ပြီးတော့ စိုက်ပျိုးဖို့ ဆောင်ရွက်ထားပါတယ်။ အနည်းငယ် ထိခိုက်ခဲ့တဲ့ စပါးတွေကို ပြန်နာလန်ထူအောင်အတွက် ယူရီယားမြေဩဇာတွေ၊ပိုတက်တွေကို ပံ့ပိုးသွားဖို့လည်းရှိပါတယ် " ဟု ငင်းက ပြောသည်။

လက်ရှိတွင် ရေဘေးသင့်လယ်သမားများအား အခမဲ့ထောက်ပံ့ရန်အတွက် ယူရီးယားဓာတ်မြေဩဇာ အိတ်ပေါင်း ၁၃၀၀ စီစဉ်ထားပြီး သက်သာနှုန်းထား(ထက်ဝက်ဈေး)ဖြင့် ရောင်းချပေးနိုင်ရန် အတွက် ဓာတ်မြေဩဇာအိတ် ၇၀၀၀ ကျော်ကို စီစဉ်ထားရှိကြောင်းနှင့် တင်ပြလာသော လယ်သမားများအတွက် ခွဲတမ်းဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ငင်းကဆိုသည်။

ထိုသို့ရေနစ်မြုပ်မှုကြောင့်ပျက်စီးခဲ့ရသောလယ်သမားများကိုထောက်ပံ့ပေးနိုင်ရန်အတွက် တစ်ဧကလျှင်လယ်ဧက ၁၀ ဧကအထိ စိုက်ပျိုးနိုင်သည့် အရန်ပျိုးခင်း ဧက ၂၀ကိုလည်း ထူထောင်ထားကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် အိမ်ထောင်စုပေါင်း ၇၃၂၇ စုမှ လူဦးရေ ၃၂,၅၃၀ ဦး ရေဘေးသင့်ခဲ့ရပြီး ကယ်ဆယ်ရေးစခန်း ၅၉ ခုဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူတစ်ဦးကို တစ်ရက်လျှင် ဆန်နှစ်ဘူး၊ ကြက်ဥတစ်လုံးနှင့် တစ်ပတ်လျှင် အိမ်ထောင်စုတစ်စုအား စားအုန်းဆီ တစ်လီတာထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**Source:** https://npnewsmm.com/

## မြိတ်မြို့ကွမ်းသီးစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်တွင် ဒေသထွက်ကုန်ဖြစ်သော ကွမ်းသီးကို မြိတ်၊ ပုလော၊ ကျွန်းစု၊ တနင်္သာရီမြို့ ၄ မြို့နယ်တွင် စိုက်ပျိုးထားရှိပြီး စိုက်ပျိုးဧက ၄၅၇၂၂ ဧကခန့်ရှိကြောင်းသိရသည်။

ထွက်ရှိလာသောဒေသထွက်ကွမ်းသီးများကို ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးသို့အများဆုံးတင်ပို့လျက်ရှိပြီး ကွမ်းသီးနု၊ အခြောက်နှင့် ခွဲခြမ်းများဖြင့် တင်ပို့ရောင်းချကြသည်။

မြိတ်မြို့တွင် ဒေသထွက်ကွမ်းသီးများကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ တင်ပို့မည်ဆိုပါက မြိတ်မြို့၊ အဝေးပြေးကားဝင်း ရှိ ကွမ်းသီးစစ်ဆေးရေးအဖွဲ့ထံ ထောက်ခံချက်ရယူပြီးမှ ထွက်ရှိရကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊ဇန်နဝါရီလမှစ၍ လက်ရှိထိ မြိတ်မြို့မှကွမ်းသီးတင်ပို့မှုမှာ ၁၂,၇၃၀,၉၂၄ ပိဿာ ထိတင်ပို့နိုင် ခဲ့ကြောင်းသိရသည်။

မြိတ်မြို့တွင်ကွမ်းသီးခြောက်အလုံးတစ်ပိဿာဈေးနှုန်းမှာ၂၄,၀၀၀ကျပ်ရှိပြီးကွမ်းသီးခွဲခြမ်းတစ်ပိဿာ ဈေးနှုန်းမှာ ၁၉,၀၀၀ ကျပ်ရှိနေကြောင်းသိရသည်။

ရာသီပေါ်ချိန်တွင် ကွမ်းသီးအနုများဈေးကောင်းရရှိပြီး ကွမ်းသီးအနုတစ်ပိဿာဈေးနှုန်းမှာ ၆၅၀၀ ကျပ် ခန့် ဖြစ်ပေါ်နေကြောင်း သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## အိမ်စီးကားဈေးကွက်အတွင်းဈေးမြင့်တက်ပြီး အရောင်းအဝယ်အေးနေ



ပြည်တွင်းကားဈေးကွက်အတွင်း ကားအများစုမှာ ဈေးနှုန်းမြင့်တက်နေပြီး အရောင်းအဝယ်အေးနေကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များထံက သိရသည်။

ကားဈေးကွက်အတွင်း ကားအမျိုးအစားထက် ကားကြံ့ခိုင်မှုအရည်အသွေးပေါ်မူတည်ကာ ဈေးကောင်းပေးဝယ်နေကြောင်းနှင့် ကိုရီးယားနှင့်ဂျပန်ကားနှစ်မျိုးစလုံး အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

“တရုတ်ကားတွေတော့မပါဘူး၊ ကိုရီးယား KIA နဲ့ ဂျပန်ကားတွေအရောင်းအဝယ်ရှိတယ်၊ ကားကောင်းရင်ကောင်းသလို ဈေးကောင်းရတယ်။ သိန်းသုံးထောင်ကနေ သိန်းငါးထောင်၊ သိန်းတစ်သောင်းအထိ အမျိုးအစားအလိုက် ဈေးကောင်းတွေရနေပါတယ်”ဟု ဝါရင့်ကားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လတ်တလော ကားဈေးမြင့်တက်နေခြင်းသည် လာမဲ့ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် အပြောင်းအလဲဖြစ်နိုင်ကြောင်းခန့်မှန်းထားကြသည်။

ကားဈေးကွက်အတွင်း ကားအမျိုးအစားအလိုက် တိုက်ကြေနှင့်ဖောက်စွတ်ကားများ ပါဝင်တတ်ခြင်းကြောင့် စာရွက်စာတမ်းနှင့်ကားမှန်မမှန်သေချာစွာစစ်ဆေးဝယ်ယူသင့်ကြောင်း ဝါရင့်ကားဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

စက်သုံးဆီကားများမှာ EV ကားများထက် အရောင်းအဝယ်ကောင်းမွန်နေပြီး၊ EV ကားအများစုမှာ ပြင်ဆင်စရိတ်မြင့်မားခြင်းနှင့် ကားအပိုပစ္စည်းရှားပါးခြင်းတို့ကြောင့် ဝယ်လက်ရှားပါးကြောင်းသိရသည်။

ထို့ပြင် EV ကားများသည် ကားမော်ဒယ်အသစ်များ ဆက်တိုက်ဈေးကွက်အတွင်း ဝင်ရောက်နေမှုကြောင့် သုံးစွဲသူမှရွေးချယ်စရာများပြားနေပြီး အရောင်းအဝယ်နည်းပါးကြောင်း သိရသည်။

**Source :** https://npnewsmm.com/

## ဥရောပသမဂ္ဂက အမေရိကန်နိုင်ငံအပေါ် တုံ့ပြန်သည့်အနေဖြင့် ကောက်ခံမည့်သွင်းကုန်ခွန်ကို ၆ လ ဆိုင်းငံ့မည်

ဥရောပသမဂ္ဂက အမေရိကန်နိုင်ငံနှင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မတိုင်မီ ကုန်သွယ်ရေးအပေးအယူ(Trade Deal) မရရှိခဲ့ပါက အမေရိကန်နိုင်ငံ၏ သွင်းကုန်ခွန်အပေါ် တုံ့ပြန်သည့်အနေဖြင့် ကောက်ခံမည့်သွင်းကုန်ခွန်များကို ဆိုင်းငံ့ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဥရောပသမဂ္ဂ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် Olof Gill က “ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်နိုင်ငံအပေါ် တုံ့ပြန်မည့် သွင်းကုန်ခွန်များကို ၆ လအထိဆိုင်းငံ့ရန် ဆောင်ရွက်သွားမည်”ဟု ပြောကြားခဲ့ကြောင်း၊ အမေရိကန်နှင့်ဥရောပသမဂ္ဂတို့သည် ကုန်သွယ်ရေးအပေးအယူနှင့်ပတ်သက်၍ ပူးတွဲထုတ်ပြန်ချက်ကို အပြီးသတ်ညှိနှိုင်းလျက်ရှိကြောင်းနှင့် ထို့ကြောင့် ဥရောပ

သမဂ္ဂအနေဖြင့် သွင်းကုန်ခွန်ချမှတ်ခြင်းကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် တရားဝင်အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ဥရောပသမဂ္ဂ၏သွင်းကုန်အများအပြားအပေါ် သွင်းကုန်ခွန်၁၅ရာခိုင်နှုန်းကောက်ခံရန်၊ ဥရောပသမဂ္ဂကစွမ်းအင်သုံးပစ္စည်းများ အမေရိကန်ဒေါ်လာဘီလီယံ၇၅၀ဖိုးဝယ်ယူရန်နှင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်တွင် သဘောတူညီခဲ့ကြသည်။

**Source: The Wall Street Journal**

**https://www.wsj.com/economy/trade/eu-prepares-to-pause-u-s-counter-tariffs-for-6-months-b6cca3bd?mod=economy_lead_pos2**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

**https://myantrade.gov.mm/**

## ရုရှားနိုင်ငံထံမှ ရေနံဝယ်ယူခြင်းကြောင့် အိန္ဒိယနိုင်ငံအပေါ် သွင်းကုန်ခွန်များချမှတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ထုတ်ပြန်

အမေရိကန်သမ္မတက အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထံမှ ရေနံများကို ဝယ်ယူတင်သွင်းလျက်ရှိခြင်းအပေါ် သွင်းကုန်ခွန်များချမှတ်ရန်နှင့်ပတ်သက်သည့် "ရုရှားအစိုးရ၏ အမေရိကန်နိုင်ငံအပေါ် ခြိမ်းခြောက်မှုများကိုဖော်ထုတ်ခြင်း(Addressing Threats to the United States by the Government of the Russian Federation)" သမ္မတအမိန့်ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။

အဆိုပါသမ္မတအမိန့်အရ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှရေနံများကို ဆက်လက်ဝယ်ယူလျက်ရှိခြင်းကြောင့် သွင်းကုန်ခွန်များချမှတ်ရန်နှင့် ရုရှားနိုင်ငံမှ ရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံဝယ်ယူတင်သွင်းလျက်ရှိသည့်နိုင်ငံများအပေါ် အလားတူသွင်းကုန်ခွန် များချမှတ်နိုင်ရေး လုပ်ငန်းစဉ်တစ်ရပ်တည်ထောင်သွားရန်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံကို လက်ရှိတွင် တင်သွင်းလျက်ရှိကြောင်း၊ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအပေါ်အရေးယူမှုများကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အမျိုးသားအရေးပေါ်အခြေအနေများကို ဖော်ထုတ်နိုင်ရန်အလို့ငှာ အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံဝယ်ယူလျက်ရှိခြင်းကြောင့် ထပ်တိုးသွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကို အမေရိကန်သမ္မတက ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ကောက်ခံမှုသည် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှစ၍အသက်ဝင်မည်ဖြစ်ကြောင်း၊ ၁၉၆၂ ခုနှစ်၊ ကုန်သွယ်ရေးတိုးချဲ့မှုအက်ဥပဒေ(Trade Expansion Act of 1962)၏ပုဒ်မ ၂၃၂ အောက်တွင် လက်ရှိ သို့မဟုတ် နောင်ပြဋ္ဌာန်းမည့် အရေးယူဆောင်ရွက်မှုများအရ မဟုတ်လျှင် အခြားအကောက်ခွန်၊ အခကြေးငွေ၊ အခွန်နှင့်အခြားကျသင့်သည့် အခွန်အခများတွင် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကို ထပ်တိုးကောက်ခံမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၂ ရက်တွင် ချမှတ်ခဲ့သည့် သမ္မတ အမိန့်(Executive Order, E.O 14257)နှင့်ယင်းကိုပြင်ဆင်သည့်အမိန့်များနှင့်အညီကောက်ခံမည့် သွင်းကုန်ခွန်တွင် ယခုချမှတ်သည့် သွင်းကုန်ခွန်၂၅ ရာခိုင်နှုန်းကို ထပ်တိုးကောက်ခံမည်ဖြစ်သော်လည်း (E.O 14257)ပါ နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသည့် ပစ္စည်းများသည် ဤသမ္မတအမိန့်အရ ကောက်ခံမည့်သွင်းကုန်ခွန်ကျသင့်မည်မဟုတ်ကြောင်း၊ ကူးသန်းရောင်းဝယ် ရေးဝန်ကြီးသည် နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးနှင့် အခြားအဆင့်မြင့်အရာရှိများနှင့်ပူးပေါင်း၍ ရုရှားနိုင်ငံ၏ ရေနံကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံဝယ်ယူတင်သွင်းလျက်ရှိသည့် နိုင်ငံများကိုသတ်မှတ်လျက် သမ္မတက လိုအပ်သကဲ့သို့ အရေးယူမှုများ ပြုလုပ်နိုင်ရေး အကြံပြုတင်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

AIR

ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့်နိုင်ငံခြားရေးမူဝါဒများအပေါ် ခြိမ်းခြောက်မှုများဖြစ်စေသဖြင့် အမျိုးသားအရေးပေါ်အခြေအနေကိုဖော်ထုတ်ရန် ခိုင်မာသည့်အစီအမံများ ချမှတ်ရန်လိုအပ်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏ အန္တရာယ်ဖြစ်စေသည့် လုပ်ဆောင်ချက်များအပေါ်တုံ့ပြန်သည့် အမေရိကန်နိုင်ငံ၏ကြိုးပမ်းမှုများကို အိန္ဒိယအနေဖြင့် ရုရှားမှ ရေနံဝယ်ယူတင်သွင်းခြင်းက အဟန့်အတားများဖြစ်စေကြောင်း၊ အိန္ဒိယနိုင်ငံသည် ရေနံဝယ်ယူ၍ ဈေးကွက်များတွင် ပြန်လည်ရောင်းချလျက်ရှိရာ ရုရှားနိုင်ငံက ကျူးကျော်ရန်စမှုများပြုလုပ်နိုင်ရန် ၎င်း၏စီးပွားရေးကို အထောက်အပံ့ဖြစ်စေသည့် အကျိုးအမြတ်များသိသာစွာရရှိကြောင်း၊ ထို့ကြောင့် ရေနံဝယ်ယူခြင်းဖြင့် ရုရှားနိုင်ငံ၏ စီးပွားရေးကိုအထောက်အပံ့ပြုနေသည့် နိုင်ငံများအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းချမှတ်ခြင်းဖြင့် အမေရိကန်နိုင်ငံက ဟန့်တားမှုများပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအပေါ် ယခုချမှတ်သည့် သွင်းကုန်ခွန်၂၅ရာခိုင်နှုန်းသည် ယခင်ချမှတ်ခဲ့သည့် သွင်းကုန်ခွန်များနှင့် ထည့်ပေါင်းပါက အိန္ဒိယနိုင်ငံအပေါ် ချမှတ်သည့် သွင်းကုန်ခွန်သည် ၅၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်သည်။

**Source: The New York Times**

**https://www.nytimes.com/live/2025/08/04/us/trump-news/india-signals-no-intention-of-pulling-back-on-russian-oil-despite-us-pressure?smid=url-share**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

**https://myantrade.gov.mm/**

## တရုတ်နိုင်ငံ၏ မီးရထားကုန်စည်ပို့ဆောင်မှု ပထမနှစ်ဝက်အတွင်း တည်ငြိမ်သောတိုးတက်မှုရှိ



တရုတ်နိုင်ငံ၏မီးရထားကုန်စည်ပို့ဆောင်မှု ပမာဏသည် ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွင်း တည်ငြိမ်သော တိုးတက်မှုရှိခဲ့ကြောင်းနှင့် ကုန်စည်ပို့ဆောင်ရေးကွန်ရက်လည်ပတ်မှု ပိုမိုထိရောက်လာပြီး ဝန်ဆောင်မှုများလည်း ပိုမိုကောင်းမွန်လာကြောင်း အမျိုးသား မီးရထားလုပ်ငန်းက ၂၀-၇-၂၀၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ အမျိုးသားအဆင့်မီးရထား စနစ်သည် ၆ လအတွင်း စုစုပေါင်းကုန်စည်တန်ချိန် ၁ ဒသမ ၉၈ ဘီလီယံ သယ်ယူပို့ဆောင်ပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း China State Railway Group Co., Ltd. ၏ ထုတ်ပြန်ချက်အရ သိရသည်။

နေ့စဉ်ပျမ်းမျှကုန်တင်တွဲတင်ဆောင်မှုအရေအတွက်မှာ၁၈၂,၄၀၀အတွဲရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ဘက်စုံပေါင်းစပ်ထားသော မီးရထားကွန်ရက်ကိုအပြည့်အဝအသုံးပြုခဲ့ပြီး ထောက်ပံ့ပို့ဆောင်ရေးစွမ်းဆောင်ရည်၊ထိရောက်မှုနှင့် ဝန်ဆောင်မှုအရည်အသွေးများကို မြှင့်တင်ရန်အတွက် မီးရထားကုန်စည်ပို့ဆောင်ရေးတွင် ဈေးကွက်ကို ဦးတည်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။

ကုန်စည်ပို့ဆောင်မှုအနေဖြင့်ဇန်နဝါရီလမှဇွန်လအထိ ၆ လကာလအတွင်းကျောက်မီးသွေးသယ်ယူပို့ဆောင်မှုမှာ စုစုပေါင်း တန်ချိန် ၁ ဒသမ ၀၂ ဘီလီယံရှိခဲ့ပြီး သတ္တုထုတ်ကုန်ဆိုင်ရာကုန်ပစ္စည်းနှင့် သီးနှံကုန်စည်များ သယ်ယူပို့ဆောင်မှုပမာဏမှာ ၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

**https://www.doca.gov.mm/**

# STOCK EXCHANGE (11.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Aug. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,064 (Shares) | 17,190,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | -100 | -1.41% | 7,000 | 7,000 | 7,000 | 66 | 462,000 | 33,109,694 | 231,768 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 4,100 | 12,716,500 | 38,929,150 | 120,680 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 15 | 115,500 | 10,400,986 | 80,088 |
| FPB | 00004 | 1,950 | -50 | -2.50% | 1,950 | 1,950 | 1,950 | 190 | 370,500 | 29,664,613 | 57,846 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 272 | 720,300 | 12,823,224 | 33,982 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 1,110 | 1,806,000 | 19,977,223 | 32,962 |
| AMATA | 00007 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,200 | 159 | 510,950 | 10,497,598 | 35,692 |
| MAEX | 00008 | 3,200 | -50 | -1.54% | 3,200 | 3,250 | 3,200 | 152 | 488,900 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 354.79 | -4.14 | -1.15% | 358.30 | 358.93 | 353.14 | 6,064 | 17,190,650 | 8 | 669,194 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,274 (Shares) | 17,799,650 (MMK) |

## Main Board

As of 1:00 pm, 11th Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,064 (Shares) | 17,190,650 (MMK) |

| MYANPIX | 354.79 ▼ 4.14 |
|---|---|
| Total Volume (shares) | 6,064 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,194 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,400 | ▼ 50 |
| MAEX | 00008 | 3,200 | ▼ 50 |